

International Labour Office

# ILO INDICATORS OF FORCED LABOUR

# အဓမ္မခိုင်းစေမှု၏ အရိပ်လက္ခဏာများ

Special Action Programme to Combat Forced Labour

အောက်ဖော်ပြပါ အခမ္မခိုင်းစေခြင်းဆိုင်ရာ အရိပ်လက္ခဏာ (၁၁)ရပ်သည် အခမ္မခိုင်းစေမှုကိစ္စရပ်များတွင် တွေ့ရလေ့ရှိသောသဲလွန်စ သို့မဟုတ် အလွန်ပင်ယေဘုယျကျသော လက္ခဏာအမျိုးအစားဖြစ်ပေသည်။

ဤစာရင်းဇယားသည် အလွဲသုံးစားပြုမှု အလေ့အထ မည်ပုံ မည်နည်းရှိသည်ကို ခွဲခြားသတ်မှတ် သိရှိနိုင်ရန် သင် - ကွင်းဆင်းဆောင်ရွက်မှုပြုစဉ် အကူအညီဖြစ်ပေလိမ့်မည်။

ဤသို့စိတ်ဝယ်ရည်ရွယ်ပြီးသကာလ ကျန်ကဏ္ဍအပိုင်းမှလည်း စုံစမ်းစစ်ဆေးစဉ်ကာလအတွင်း ဤအရိပ်လက္ခဏာ စာရင်းအား လက်တွေ့တွင် မည်သို့အသုံးချရမည့် လမ်းညွှန်ချက်ကို ဖြည့်တင်းပံ့ပိုးပြီး၊ အရပ်ရပ်အဖက်ဖက်မှ ပြည့်စုံသော တိုက်ဆိုင်စစ်ဆေးမှုစာရင်းကို အလုပ်သမားစစ်ဆေးရေး အရာရှိ (သို့) ရဲအရာရှိ (သို့) ဥပဒေကြောင်းအရ အရေးယူပိုင်ခွင့်ရှိသော အရာရှိတစ်ဦးဦးမှ သင့်တော်အောင် ပြင်ဆင်နိုင်ပါသည်။

# ပဏာမမှတ်ချက်

## အရိပ်လက္ခဏာပြချက်များကိုသုံးစွဲခြင်း

အောက်ပါစာရင်း ဇယားကို အသုံးပြု၍ အဓမ္မခိုင်းစေမှုပုံစံ မြောက်မြားစွာအပြင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ရန်နှင့် လုပ်အားရယူရန်အတွက် လူကုန်ကူးခြင်းများကို ခွဲခြားသတ်မှတ်မှုအား ကူညီနိုင်ပါလိမ့်မည်။ သို့ရာတွင် ဤအရိပ်လက္ခဏာပြချက်များသည် အဓမ္မလုပ်အား ခိုင်းစေမှုဖြစ်နိုင်ခြေရှိခြင်းနှင့် လူကုန်ကူးမှု အခြေအနေအရပ်ရပ်၊ ဥပမာ - မွေးရာပါ သို့မဟုတ် ရိုးရာဓလေ့အရ ကျွန်ပြုခံရမှု စသည်တို့ကို ကိုင်တွယ်ဖြေရှင်းမှု မပြုနိုင်ပါ။ ဆိုလိုသည်မှာ အချို့သောနိုင်ငံများတွင် တစ်စုံတစ်ယောက်သောသူအား သူ၏မွေးရာပါလူမျိုးဖြစ်ရခြင်းကြောင့် အဓမ္မလုပ်အား ခိုင်းစေခံရနိုင်ခြေရှိတတ်ပါသည်။

## ကလေးသူငယ်များ / အရွယ်ရောက်ပြီးသူများ

ဤအရိပ်လက္ခဏာပြစာရင်းဇယားသည် ကလေးသူငယ်များရော အရွယ်ရောက်ပြီးသူများနှင့်ပါ သက်ဆိုင်ပါသည်၊ သင့်အနေ ဖြင့်သတိပြုရန် လိုသည်မှာ ကလေးသူငယ်များ၏ စရိုက်လက္ခဏာအရ ၎င်းတို့အား အဓမ္မခိုင်းစေမှုဖြင့် အလွဲသုံးစားပြုခြင်းနှင့် အမြတ်ထုတ်ခြင်း ခံရစေနိုင်သော အားနည်းချက်ကို ဖြစ်စေတတ်ပါသည်။

ဥပမာ - ကလေးတစ်ယောက်သည် ခြိမ်းခြောက်မှုသက်သက်ကို အမှန်တကယ်ဟု ယုံမှတ်ယူနိုင်ခြေရှိပြီး၊ ၎င်းအား ခြောက်လှန့်၍လည်းကောင်း၊ အနိုင့်ထက်ပြု၍လည်းကောင်း၊ အဓမ္မလုပ်အားခိုင်းစေနိုင်ပါ သည်။

မိသားစုနှင့်သီးခြားခွဲထားရုံမျှဖြင့် ကလေးငယ်တစ်ဦးအား နိုင့်ထက်စီးနင်းပြုရန် လုံလောက်နိုင်ပေသည်။ ဥပမာ - ကလေးအားတစ်ဦးအား ၎င်း၏ အိမ်နှင့် ကီလိုမီတာအနည်းငယ်ကွာဝေးသောအရပ်သို့ ပို့ထားလိုက်ရုံဖြင့်၊ သူ့အနေဖြင့် အိမ်မပြန်တတ်တော့ချေ၊ အကယ်၍ ယင်း၏နေရာတွင် အရွယ်ရောက်ပြီး သူတစ်ဦးဖြစ်ပါက လွတ်မြောက်ထွက်ပြေးသွားပေလိမ့်မည်။



# အားနည်းချက်ကိုအလွဲသုံးစားပြုခြင်း

"အလုပ်ရှင်တွေက ဒီလိုအလုပ်သမားတွေကိုရချင်မှာပေ့ါ။ နေ့ညအပြင် စနေ၊ တနင်္ဂ နွေနေ့မျိုးမှာပါ ခိုင်းလို့ရပြီး ကြိုက်သလိုလုပ်လို့ရတာကိုး"

**ဘန်ကောက်မှ**

**အလုပ်သမားစစ်ဆေးရေးမှူးတစ်ဦး**

---

မည်သူမဆို အဓမ္မလုပ်အားခိုင်းစေမှု ခံရနိုင်ခြေရှိသော်လည်း မသန်စွမ်းသူများ ဥပဒေဆိုင်ရာ ဗဟုသုတမရှိသူများ ဒေသခံစကားမတတ်ကျွမ်းသူများနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်း နည်းပါးသူများ၏ အားနည်းချက်အပေါ် အဓမ္မလုပ်အားခိုင်းစေခြင်းဖြင့် မကြာခဏအလွဲသုံးစားပြုခံရလေ့ရှိကြောင်းတွေ့ရှိရပါသည်။

အားနည်းချက်တစ်ခုတည်းအား ရှုးမယ်ဖွဲ့၍မရချေ။ ဥပမာ - လူတစ်ဦးတစ်ယောက်တွင် အခြား အလုပ်အကိုင်အခွင့်အလမ်းမရှိ၍ လက်ငင်းအလုပ်မှမထွက်ခွာနိုင်ခြင်းမှာ အဓမ္မလုပ်အားမမြောက်ပေ။ သို့ရာတွင် အလုပ်ရှင်တစ်ဦးက အလုပ်သမားတစ်ဦး၏ စီးပွားရေးအားနည်းမှု အနေအထားကို အခွင့်ကောင်းယူကာ ထိုအလုပ်သမားအား နိမ့်ကျသောအလုပ်ခွင်အခြေအနေမျိုးတွင်ခိုင်းစေပါက အဓမ္မလုပ် အားခိုင်းစေမှုအနေအထားမျိုးဖြစ်ကောင်းဖြစ်နိုင်ခြေရှိပါသည်။

အများအားဖြင့် အဓမ္မလုပ်အားဖြစ်ပေါ်မှုမှာ အလုပ်သမားမှ အလုပ်ရှင်အပေါ် အမြောက်အမြားအမှီ သဟဲပြုရမှုကြောင့် ဖြစ်လေ့ရှိပါသည်။ ဥပမာအားဖြင့် အလုပ်သမားမှ အလုပ်ရှင်အပေါ် အလုပ်အကိုင်အပြင် နေရာထိုင်ခင်း၊ အိမ်ရာ၊ စားရေရိက္ခာနှင့် ဆွေမျိုးညာတိတို့၏ အလုပ်အကိုင်များအတွက်ပါ အမှီသဟဲပြုရခြင်း စသည်တို့ကြောင့် ဖြစ်တတ်ပါသည်။



# လိမ်လည်လှည့်ဖြားခြင်း

"ဖေဖေပြောတာကတော့၊ ဖေဖေ့ညီကျွန်တော်တို့ဆီ အလည်လာပြီး အပြန်မှာ ကျွန်တော့်ကိုခေါ်သွားမယ်၊ ကုန်ကားမောင်းတဲ့သင်တန်းတက်စေပြီး အလုပ်ပါရစေရမယ်တဲ့။ တကယ်တန်းကျတော့ ကျွန်တော့်ကို စစ်ထဲသွင်းခဲ့တယ်ဗျာ. . . "

**စိုးစိုး (၁၆)နှစ်**

---

'လစာကောင်းတဲ့အလုပ်ရစေရမယ်' ဟူသော လှည့်ဖြားပြောကြားကတိစကားများဖြင့်လည်း စုဆောင်းခံရပြီး အဓမ္မလုပ်အား၏ သားကောင်ဖြစ်ရလေ့ရှိတတ်ပါသည်။ လက်တွေ့တွင်လုပ်နေ ရသောအလုပ်သည် မူလကတိစကားပါအလုပ်နှင့်တလွဲဖြစ်နေပြီး၊ နိုင်ထက်စီးနင်းပြုကျင့်ခံရမှုနှင့်လုပ်ငန်းခွင်မှ ထွက်ပြေးလွတ်မြောက်နိုင်ခြေမရှိကြောင်း လည်းတွေ့ရှိပါသည်။ နဂိုမူလကတည်းက အဖြစ်မှန်ကိုသိခဲ့သော် ထိုသို့ကမ်းလှမ်းမှုမျိုးကိုလည်း လက်ခံခဲ့လိမ့်မည်မဟုတ်ပေ။

မိဘများထံသို့သော်လည်းကောင်း၊ ကာယကံရှင်ကိုယ်တိုင်ထံသို့သော်လည်းကောင်း ပြောကြားလာသော ပညာရေးဆိုင်ရာအခွင့်အလမ်းများ (သို့မဟုတ်) မိဘများထံသို့ မိမိကသော်လည်းကောင်း၊ မိဘများက မိမိထံသို့သော်လည်းကောင်း မကြာခဏလာရောက်လည်ပတ်နိုင်ခွင့်ရှိသည်ဟူသော တလွဲကတိစကားများကြောင့်လည်း စုဆောင်းခံရနိုင်ခြေရှိပါသည်။



# သွားလာမှုအား ကန့်သတ်ချုပ်ချယ်ခြင်း

"ပြူတင်းတွေမှာလည်း သံတိုင်တွေနှင့် တံခါးကလဲသံတံခါးကြီး အချုပ်ခန်းကျနေတာပဲ၊ ထွက်ပြေးလွတ်မြောက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ စိတ်တောင် မကူးရဲဘူး။ နှစ်လကြာခဲ့တယ်၊ ဖောက်သည်တွေဆီခေါ်သွားတယ်။ ပြန်ခေါ်လာတယ်။ အချိန်ပြည့်အစောင့်ချထားတယ်။"

**ရုရှားနိုင်ငံသို့ အဓမ္မလိင်ပိုင်းဆိုင်ရာလုပ်ငန်းအတွက်**
**လူကုန်ကူးခြင်းခံခဲ့ရသော ကဇက်စတန်နိုင်ငံမှ**
**(၁၆)နှစ်အရွယ် မိန်းကလေးတစ်ဦး**

---

အကယ်၍ အလုပ်သမားများက ၎င်းတို့၏လုပ်ငန်းခွင်၌သော်လည်းကောင်း၊ လမ်းခရီးတလျှောက် ခေါ်ဆောင်သွားခြင်းခံနေရစဉ် အချိန်အတောအတွင်း၌ သော်လည်းကောင်း ၎င်းတို့အား သော့ခတ်ပိတ်လှောင်ထားသည် (သို့မဟုတ်) ထွက်ပြေးမလွတ်မြောက်နိုင်ရန် အစောင့်ချထားကြောင်းတွေ့ရှိခဲ့သော် . . .

အကယ်၍ အလုပ်သမားများအနေဖြင့် မိမိတို့၏ လုပ်ငန်းခွင်သို့လွတ်လပ်စွာ ဝင်ရောက်ခြင်း (သို့မဟုတ်) လုပ်ငန်းခွင်မှလွတ်လပ်စွာ ထွက်ခွာခြင်းမပြုလုပ်နိုင်လျှင်သော်လည်းကောင်း၊ အကျိုးအကြောင်း ဆီလျော်မှုမရှိဘဲ သွားလာမှုအား ကန့်သတ်ချုပ်ချယ်ထားလျှင်သော်လည်းကောင်း. . .

ဒီအခြေအနေမှာ အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာကိစ္စ တစုံတရာ ရှိနေနိုင်ပါသည်။



# သီးခြားထားရှိခြင်း

"လွန်ခဲ့တဲ့သုံးနှစ်လုံးလုံး ကျွန်မကိုမိဘတွေနှင့်အဆက်အသွယ် လုပ်ခွင့် မပေးခဲ့ဘူး"

**၁၄ နှစ်အရွယ် ဖျာပုံမြို့က**
**အိမ်ဖော်မကလေး**

---

ရုံဖန်ရံခါတွင် အဓမ္မခိုင်းစေခံရသူများကို ပြင်ပကမ္ဘာနှင့်ထိတွေ့မှု မရှိစေရန် ဝေးလံခေါင်သီသော နေရာများတွင်သီးခြားထားရှိလေ့ရှိပါသည်။ အလုပ်သမားများအနေဖြင့် ၎င်းတို့မည်သည့်နေရာ ရောက်နေသည်ကို မသိရှိနိုင်သကဲ့သို့ ၎င်းတို့၏လုပ်ငန်းခွင်မှာလည်း လူနေအိမ်ရာဝန်းကျင်နှင့် ကွာဝေးနေခြင်း၊ သယ်ယူပို့ဆောင်ရေးစနစ်မရှိသည့်အပြင် မိသားစုများနှင့် အဆက်အသွယ်ပြုလုပ်ရန်နှင့် အကူအညီတောင်းခံမှုမပြုနိုင်ရန် လက်ကိုင်ဖုန်း နှင့်အခြားသော ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြုခြင်းအား ခွင့်မပြုဘဲ ထားခြင်း၊ ဤသို့ပြုရခြင်းမှာ လုပ်ငန်းများ (နှင့်အလုပ်သမားများ) ကိုမှတ်ပုံ မတင်ထား၍ ဥပဒေအရအရေးယူဆောင်ရွက်မှုပြုနိုင်သော အဖွဲ့အစည်း များက အလွယ်တကူရှာဖွေ မတွေ့ရှိနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်ပါသည်။



# ရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း

"တစ်မိသားစုလုံးအတွက် အိမ်မှုကိစ္စတွေကို တနေကုန်လုပ်ရပြီး၊ ညစဉ်ညတိုင်းလည်း အလုပ်ရှင်နှင့်အိပ်ရတယ်၊ အဲဒီလိုအိပ်တာကို အလုပ်ရှင်ရဲ့မိန်းမကသိတော့ ကျွန်မကိုရိုက်တယ်၊ ဒါပေမယ့် ဆက်ပြီးလည်းအိပ်ခွင့်ပြုတယ်. . ."

**လက်ရှိ HIV/AIDS ရောဂါစွဲကပ်နေသော**
**အိမ်ဖော်ဖြစ်ခဲ့သူ မိန်းကလေး တစ်ဦး**

---

အခမ့ခိုင်းစေခံရသူများသည်၊ ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို မကြာခဏ ခံရလေ့ရှိပြီး၊ အခမ့ခိုင်းစေခံရသူအား ပိတ်လှောင်ချုပ်နှောင်ထားခြင်းသည် ယင်းသို့ ဥပဒေမဲ့ပြုကျင့်နိုင်ရန်အတွက် တိုက်ရိုက်ကျလွန်းသော နိုင့်ထက်စီးနင်းပြုကျင့်မှုပုံစံ ဖြစ်ပေသည်။

အလွန်ဆိုးရွားသော အမှုအခင်းအဖြစ် အပျက်များတွင်မူ၊ အခမ့ခိုင်းစေရန်အတွက် လူကို အတင်းအကြပ်ခေါ်ဆောင်သွားတတ်ကြပါသည်။



# ခြိမ်းခြောက်ခြင်း

"အဲဒီအမျိုးသမီးက အလုပ်ရှင်ကိုမကျေနပ်ကြောင်း တိုင်းတန်းမှု ပြုတော့ အလုပ်ရှင်က သူ့ကို သူ့အနေအထားနှင့်ပတ်သက်ပြီး သတိပေးလာတယ်။ 'မင်းဒီမှာ တရားမဝင်နေနေတာနော် - ဟိုဟာဒီဟာလျှောက်လုပ်လို့ကတော့ ရဲတိုင်လိုက်ရင် မင်းပြည်နှင်ဒဏ်ခံရမှာ'. . ."

**ဂျာမဏီရောက်**
**မော်ရိုကိုရွှေ့ပြောင်းအလုပ်သမတစ်ဦး**

---

အဓမ္မလုပ်အားခိုင်းစေခံရသူများသည် ၎င်းတို့၏အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍သော် လည်းကောင်း၊ လုပ်ငန်းခွင်မှထွက်ခွာလို၍သော် လည်းကောင်း တိုင်တန်းမှုပြုလုပ်ပါက ရံဖန်ရံခါခြိမ်းခြောက်ခြင်းခံရလေ့ရှိပါသည်။ အလုပ်သမားများအား တစိုက်မတ်မတ်စော်ကားနေခြင်းနှင့် သိက္ခာချနေခြင်းသည် တစ်စုံတစ်ရာတုန့်ပြန်လာစေရန် စိတ်ပိုင်းဆိုင်ရာလှုံ့ဆော်မှုပုံစံတစ်ရပ် ဖြစ်စေနိုင်ပါသည်။

အလုပ်သမားများအား အကြမ်းဖက်မှုဆိုင်ရာ ခြိမ်းခြောက်မှုအပြင် ခြိမ်းခြောက်မှုသဘော သက်ရောက်သည့်တိုင်းတန်းမှုမျိုး၊ ဥပမာ - ယင်းတို့သည် နည်းလမ်းတကျအလုပ်သမားများမဟုတ်ကြောင်း ရှုတ်ချဖော်ပြ၍ အာဏာပိုင်များသို့ သတင်းပို့တိုင်းကြားခြင်းအပါအဝင်၊ အစားအသောက်၊ နေရာထိုင်ခင်းနှင့် အိပ်ချိန်ပိတ်ပင်ခြင်း၊ လုပ်အားခဖြတ်တောက်ခြင်းနှင့် အလုပ်မှ ထုတ်ပယ်ခြင်း၊ မိသားစုဝင်များအား သာရေးနာရေးဆက်ဆံမှုမပြုခြင်း (အလုပ် သို့မဟုတ် မြေယာဆုံးရှုံးရခြင်း)၊ ငွေညှစ်ခြင်း၊ လုပ်ငန်းခွင် အခြေအနေပိုမိုပျက်ဆီးယိုယွင်းစေခြင်းနှင့် အလုပ်သမားအား အလုပ်ရှင်တစ်ဦးထံမှ အခြားအလုပ်ရှင် တစ်ဦးထံရောင်းချခြင်းတို့ ပါဝင်ပါသည်။ ခြိမ်းခြောက်မှုအား ယုံကြည်လက်ခံမှုနှင့် ခြိမ်းခြောက်မှု၏ အတိမ်အနက် အကျိုးသက်ရောက်မှုအား တန်ဖိုးဖြတ်သတ်မှတ်မှုပြုလုပ်ရာတွင် အလုပ်သမား၏ ပုဂ္ဂလဓိဋ္ဌာန်ယုံကြည်မှု၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုနောက်ခံအားလုံးကို ထည့်သွင်းစဉ်းစားပြီး၊ ၎င်း၏အမြင်ရှုထောင့်မှ ပြုလုပ်ပေးရန်လိုအပ်ပါသည်။



# သက်သေခံ စာရွက်စာတမ်းများသိမ်းဆည်းထားခြင်း

"ကျွန်တော်တို့ရဲ့နိုင်ငံကူးလက်မှတ်တွေကို လေယာဉ်ပေါ်မှာကတည်းက သိမ်းလိုက်တယ်။ အဲဒီကတည်းက လုံးဝပြန်မပေးတော့ဘူး။ စာရွက်စာတမ်း မရှိတဲ့အခါကျတော့ ကျွန်တော်တို့ မကျွမ်းတဲ့မြို့မှာ လွတ်လွတ်လပ်လပ် သွားလာလို့မရဘူး။ အလုပ်ကိုတောင် ကိုယ်ကြိုက်တဲ့နေရာမှာ ရွေးချယ် လုပ်လို့မရဘူး. . ."

**၃၃နှစ်အရွယ်ရှိ ဆောဒီအာရေဗီယားမှ**
**မြန်မာဆောက်လုပ်ရေး အလုပ်သမားတစ်ဦး**

---

အကယ်၍ သက်သေခံစာရွက်စာတမ်းများနှင့် တန်ဖိုးရှိသော ပိုင်ဆိုင်မှု ပစ္စည်းများ ကိုသိမ်းဆည်းလိုက်ပြီး အလုပ်သမားများက လိုအပ်သည့် အချိန်တွင် ပြန်တောင်းယူ၍မရခြင်းနှင့် အလုပ်သမားများအနေဖြင့် ထို အလုပ်မှထွက်ခွာလျှင် စာရွက်စာတမ်းများဆုံးရှုံးရမည့်အခြေအနေ ဖြစ်နေပါက အဓမ္မလုပ်အား ခိုင်းစေခြင်းမြောက်စေမည့် အခြေခံအကြောင်းတရားများ ရှိနေပြီးဖြစ်သည်။ ဖြစ်ရပ်များစွာတို့တွင် အလုပ်သမားများသည် စာရွက် စာတမ်းမရှိခြင်းကြောင့် အခြားအလုပ်ရရှိအောင် မလုပ်ဆောင်နိုင်ခြင်း၊ ဝန်ဆောင်မှုများမရရှိခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များထံမှ အကူအညီ တောင်းရန် ကြောက်ရွံ့နေရတတ်ခြင်းတို့ ဖြစ်ကြရပါသည်။



# လခထုတ်မပေးဘဲထားခြင်း

"ကနဦးတုန်းက သူကလစာအတွက်ကတိပြုလို့ ကျွန်မက အလုပ်စလုပ်ခဲ့ပါတယ်။ အလုပ်ရှင်က ထမင်း၊ အစားအသောက်ပေးပါတယ်။ တခါတရံ ကျွန်မကိုအဝတ် အစားတွေဝယ်ပေးပါတယ်။ ဒါပေမယ့် လခရယ်လို့ မပေးသေးလို့ ကျွန်မကလခ တောင်းတော့ 'ဒီပစ္စည်းတွေရောင်းပြီးရင်ရမှာပေါ့' ပြောလို့ ကျွန်မလဲအလုပ်ဆက် ဆင်းဖြစ်ခဲ့တယ်။ တစ်ညတော့ ကျွန်မကို ပေးစရာကျန်တာတွေပေးပါ၊ ကျွန်မ အလုပ်ထွက်တော့မယ်လို့ပြောတော့ ကျွန်မဘက်ကိုခုန်ထွက်လာပြီး ကျွန်မကိုစရိုက် ပါတော့တယ်၊ ပြီးတော့ ကျွန်မကိုအော်ငေါက်ပြီးပြောပါတယ်။ "အေး-မင်းထွက် ရင်ထွက်၊ ဒါပေမယ့် ငါကတော့ဘာမှပေးမှာမဟုတ်ဘူး။" ကျွန်မလဲငိုပြီး ထွက်လာခဲ့တယ်။ ကျွန်မ သူ့ဆီမှာ ၁၆ လကြာအောင်နေလာခဲ့တာ နောက်ဆုံးတော့ ဘာမှဖြစ်မလာဘူး။"

**ရန်ကုန်မြို့လယ်ကအားကစားပစ္စည်းအရောင်းဆိုင်တွင်လုပ်ခဲ့သော အသက် (၁၈)နှစ်အရွယ် မိန်းကလေးတစ်ဦး**

---

အလုပ်သမားများသည် ၎င်းတို့ရရန်ကျန်ရှိနေသောလုပ်အားခများအား စောင့်ဆိုင်းရင်း အလုပ်ရှင်ထံ မဖြစ်မနေ ကျန်ရစ်နေတတ်ကြပါသည်။ အလုပ်ရှင်မှ လုပ်အားခကို ပုံမှန်မပေးရုံမျှဖြင့် အလိုအလျောက် အဓမ္မလုပ်အားခိုင်းစေမှု မမြောက်ပါ။ သို့ရာတွင် အလုပ်ရှင်က အလုပ်သမားများအနေဖြင့် အလုပ်မှ နုတ်ထွက်ရန်သို့မဟုတ် အခြားအလုပ်ရှင်ထံ အလုပ်ပြောင်းလုပ်ရန် မဖြစ်နိုင်အောင် ၎င်းတို့၏ လုပ်အားခများကို ရည်ရွယ်ချက်ရှိရှိဖြင့် မပေးဘဲ ထိန်ချန်ထားခြင်းက အဓမ္မလုပ်အားခိုင်းစေမှုမြောက်စေပါသည်။



# ကြွေးမြီဖြင့် နှောင်တည်းခိုင်းစေခြင်း

"ကျွန်မက စာချုပ်ကိုလက်မှတ်ထိုးလိုက်ပြီး၊ ကျွန်မမိဘတွေက လက်ခံယူသွားတာ ကျွန်မလခ ၆ လစာတဲ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မမှာတခြားရွေးစရာလမ်းမှမရှိတာ၊ ဒီအကြွေးကတော့ဝန်ထုပ်ကြီးပဲ။ ကျွန်မတခြား အလုပ်ပြောင်းလုပ်လိုလဲမရ၊ ထွက်လို့လဲမရ၊ ရတဲ့လစာကလဲမဖြစ်စလောက်၊ သုံးစရာငွေလဲမရှိ၊ အကြွေးကလဲတက်ဘဲ တက်နေပြန်တော့၊ ဘာကြောင့် ဒီလိုဖြစ်နေမှန်းလဲမသိဘူး။"

**ဝေးလံခေါင်သီသောကျေးတောရွာမှ ရန်ကုန်ရောက်လာကာ အလုပ်လုပ်နေရှာသောအသက် ၂၁ နှစ်အရွယ် အလုပ်ကြမ်းသမလေး**

---

အဓမ္မလုပ်အားခိုင်းစေခံရသူများသည် အမွေခံအကြွေး သို့မဟုတ် တင်ရှိနေသောအကြွေးများကို ပေးဆပ်ရန်အလုပ်လုပ်ကြရသည်။ အလုပ်ရှင်နှင့် အလုပ်သမားစုဆောင်းပေးသူများက အလုပ်သမားများ အနေဖြင့်ငွေးတို့ပေးရန်ကျန်ရှိသော အကြွေးမှမလွတ်မြောက်နိုင်အောင် အလွန်တရာခက်ခဲသော အခြေအနေများကိုပြုလုပ်ထားပေသည်။ ဆိုလိုသည်မှာ အလုပ်အတွက် လုပ်အားခနည်းလွန်းခြင်း၊ အကြွေးအပေါ် အတိုးများလွန်းခြင်း သို့မဟုတ် အလုပ်ရှင်ထုတ်ပေးသောအစားအသောက်နှင့် နေရာထိုင်ခင်းအတွက် အဆမတန်စျေးကြီးပေးရခြင်းတို့ဖြစ်သည်။ ရံဖန်ရံခါ အကြွေးတင်ရှိခြင်းမှာ ကြိုတင်လုပ်အားခရယူခြင်း သို့မဟုတ် ချေးငွေရယူခြင်းကြောင့်သော်လည်းကောင်း လူသူစုဆောင်းမှုနှင့် သယ်ယူ ပို့ဆောင်ရေးစရိတ် အဆမတန်ကြီးမားမှုကြောင့်လည်းကောင်း ဖြစ်ရတတ်သည်။ ငွေစရင်းလိမ်ခြင်းနှင့် ကုန်ကျစရိတ်များကို လိုသလိုချယ်လှယ်ခြင်းများကြောင့် အကြွေးနှစ်ဆတိုးဖြစ်တတ်လေ့ရှိပါသည်။

ကြွေးမြီဖြင့်နှောင်တည်းခိုင်းစေခြင်းကို ချုပ်နှောင်ခိုင်းစေခြင်းဟုလည်း သိရှိကြသည်။ ကြွေးမြီဖြင့်နှောင် တည်းခိုင်းစေမှုအခြေအနေများမှာ လုပ်အားခကိုကြိုယူခြင်း အကြွေးနှင့်အတိုးနှုန်းကို လိုသလိုချယ်လှယ် ထားပြီးရံဖန်ရံခါ ဥပဒေပြဌာန်းချက်အကန့်အသတ်များကိုပင် ကျော်လွန်နေတတ်၍ အလုပ်ရှင်မှ အလုပ်သမားများအပေါ် စည်းနှောင်ထားသော ဆိုးကျိုးတရားများရှိနေတတ်ပါသည်။



# အလွန်ဆိုးရွားသောလုပ်ငန်းခွင်နှင့် နေရာထိုင်ခင်းအခြေအနေ

"အလုပ်သမားတွေက ပလပ်စတစ်တဲတွေကိုအိမ်လုပ်နေရပြီး၊ ညစ်ညမ်းနေတဲ့ ရေတွေကိုသောက်နေရတယ်။ ပြီးတော့ကျွန်တော်တို့မပြန်မချင်း သူတို့ကိုချုံပုတ်တွေ နောက်က ကျင်းတွေထဲမှာ ဖွက်ထားတယ်။"

**စစ်ဆေးရေးမှူးတစ်ဦးက ဘရာဇီးနိုင်ငံရှိ လယ်ယာလုပ်ငန်းတစ်ခု၏ အခြေအနေကို ဖော်ပြစဉ်**

---

အဓမ္မခိုင်းစေခံရသူများသည် ရံဖန်ရံခါ လူအများသာမာန်အားဖြင့် မလုပ်လိုကြသောအလုပ်နှင့် မလုပ်ကြသောအလုပ်မျိုးကို လုပ်ကြရပေသည်။ ထိုအလုပ်များမှာ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေတတ်သော (ဖူလုံလောက်ငှ သောကရိယာတန်ဆာပလာဖြင့် မလုပ်ကိုင်ပါက လွန်စွာခက်ခဲပြီး အန္တရာယ်များသော) သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော (အရှက်ရစေတတ်သော သို့မဟုတ် ညစ်ညမ်းသော) အလုပ်သမားဥပဒေကို ဆိုးဆိုးရွားရွား ဖောက်ဖျက်စေသော အနေအထားတွင် လုပ်ဆောင်ရသောအလုပ်မျိုးဖြစ်သည်။ ထို့အပြင် အဓမ္မလုပ်အားခိုင်းစေခံရသူများသည် လူတန်းစေ့မမှီသော အခြေအနေများတွင် နေထိုင်ရခြင်း၊ လူဦးရေအဆမတန်များပြီး ကျန်းမာရေးနှင့် မညီညွတ်သော သန့်ပြန့်မှုမရှိဘဲ တစ်ကိုယ်ရေတစ်ကာယအတွက် အကန့်အသတ်ဖြင့် သို့မဟုတ် မီးလုံးဝမရှိသော အခြေအနေတို့တွင် နေရလေအောင် အဓမ္မလုပ်ဆောင်ခြင်း ခံရတတ်ပါသည်။

ဤသို့အလွန်တရာ ဆိုးရွားသော လုပ်ငန်းခွင်အခြေအနေက အလုပ်သမားများအနေဖြင့် ယင်းတို့၏ အလုပ်များကို လွတ်လပ်သောဆန္ဒနှင့် လက်ခံခဲ့ခြင်း မဟုတ်တန်ရာဟု ညွှန်းပြနေလင့်ကစား၊ ထိုအလုပ် သမားများသည် ပြစ်ဒဏ်တစ်စုံတစ်ရာ၏ ခြိမ်းခြောက်မှုအောက်တွင် လုပ်ကိုင်နေခြင်း မဟုတ်သရွေ့ ၎င်းတို့သည် အဓမ္မလုပ်အားခိုင်းစေခံနေရခြင်း မဟုတ်ချေ။



# လွန်ကဲသောအချိန်ပိုလုပ်ရခြင်း

“ကျွန်တော်တို့ (၈)နာရီအစား (၁၄)နာရီအလုပ်လုပ်ရတယ်။ နောက်ပြီး ဘယ်သူကမှ ငါခေါင်းကိုက်လို့ အလုပ်မဆင်းနိုင်ဘူးလို့မပြောရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြောရင် ချက်ချင်းအလုပ်ထုတ်ခံရမှာမို့ပါ။”

**ဂျာမဏီနိုင်ငံတွင်အလုပ်လုပ်နေသည့်**
**ပိုလန်နိုင်ငံသား ဆောက်လုပ်ရေး အလုပ်သမားတစ်ဦး**

အဓမ္မအလုပ်ခိုင်းစေခံရသောသူများသည် အများအားဖြင့် နိုင်ငံ၏ ဥပဒေနှင့်စုပေါင်းသဘောတူထားသော အချိန်ပိုသတ်မှတ်ချက်ထက် ကျော်လွန်ပြီး အလုပ်လုပ်ကြရသည်။ ၎င်းတို့တွင် နားချိန်နှင့်အားချိန် မရှိသည့်အပြင် လုပ်ဖော်ကိုင်ဖက်များ၏ အလုပ်ကိုပါလုပ်ပေးကြရသည်။ ထိုမျှသာမက တစ်ရက်လျှင် (၂၄)နာရီဖြင့် (၇)ရက် တစ်ပတ်လုံး အလုပ်ဆင်းပေးကြရသည်။ မတရားသဖြင့် အချိန်ပိုအလုပ်ဆင်းရခြင်းသက်သက်ဖြင့် အလိုအလျောက် အဓမ္မလုပ်အားခိုင်းစေခြင်း မမြောက်သော်လည်း အကယ်၍အလုပ်သမားများသည် ဥပဒေပါအတိုင်းနှင့် စုပေါင်းသဘောတူထားသော သတ်မှတ်အချိန်ပိုထက် ပို၍လုပ်ဆောင်ရသည့်အပြင် ခြိမ်းခြောက်မှုအောက်၌ (အလုပ်ဖြုတ်ခြင်း၊ နိုင်ငံတော်မှသတ်မှတ်ထားသော လစာထက်လျော့နည်းရှိပေးခြင်း) အချိန်ပိုခိုင်းစေခြင်းခံရပါက ယင်းသို့ ခိုင်းစေမှုသည် အဓမ္မလုပ်အားခိုင်းစေခြင်းမြောက်သည့် အဆင့်သို့ရောက်သွားနိုင်သည်။

WORK IN FREEDOM


နံပါတ် ၁ (အေ)၊ ကန်ဘဲ့(သစ္စာ)လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ
ဖုန်း-(၉၅၁) ၅၆၆၅၃၈၊ ၅၆၆၅၃၉၊ ၅၇၈၉၂၅၊ ၅၇၉၉၅၆
ဖက်စ်-(၉၅၁) ၅၆၆၅၈၂
အီးမေးလ်- yangon@ilo.org



စာတိုက်သေတ္တာအမှတ် - ၆၇၉